# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ( အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ )
# အက်ဥပဒေ[၁]

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၉။] (၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူစာချုပ်ကို အကျိုးသက်ရောက်စေသင့်သည်လည်း တကြောင်း၊ အလားတူအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို အခြား အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအားရင်း၊ ထိုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အရာရှိများအားရင်း ခံစားစေနိုင်အောင်ပြုသင့်သည်လည်းတကြောင်း၊ ထိုအကြောင်းများကြောင့်၊

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ (၁) အခြားတရားဥပဒေတွင် ဆန့်ကျင်ကွဲလွဲချက် မည်သို့ပင် ပါရှိစေကာမူ ဤအက်ဥပဒေပါဇယားတွင်ဖော်ပြထားသည့် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ညီလာခံက အတည်ပြုသော အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးတွင် တရားဥပဒေကဲ့သို့ အာဏာတည်ရမည်။

(၂) ဇယားတွင်ဖော်ပြထားသည့် အဆိုပါ သဘောတူစာချုပ် ပါပြဋ္ဌာန်းချက်များတွင်ပြင်ဆင်ချက်များကို နည်းလမ်းတကျပြုလုပ်၍ အတည်ပြုသည်ရှိသော် ထိုပြင်ဆင်ချက်များနှင့်အညီ၊ ထိုဇယားကို နိုင်ငံတော်သမတက အစိုးရ ပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ အခါအားလျော်စွာ ပြင်နိုင်သည်။

၃။ ။ ပြည်ထောင်စုအချင်းချင်း သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်းနှင့်အညီ ဇယားတွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များပါ အခွင့်အရေးများ၊ ကင်းလွတ်ခွင့်များနှင့် အလားတူအခွင့်ရေးများကင်းလွတ်ခွင့်များကို ပြည်ထောင်စုမြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအားရင်း၊ ထိုအဖွဲ့အစည်းများ၏

---

[၁] မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၄ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၆၅၇ တွင် ထုတ်ပြန်ကျေညာသည်။

ကိုယ်စားလှယ်များနှင့် အရာရှိများအားဝင်း ပေးရန်လိုအပ်သောအခါ၊ နိုင်ငံတော်သမတသည်၊ အစိုးရပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဇယားတွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များသည်၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၏ ကိုယ်စားလှယ်များ၊ အရာရှိများနှင့်ဝင်း၊ သက်ဆိုင်ရမည်ဟူ၍ဝင်း၊ ထိုဇယားပါပြဋ္ဌာန်းချက်များသည် အဆိုပါပြည်ထောင် အချင်းချင်း သဘောတူစာချုပ် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် သို့တည်းမဟုတ် အခြားစာချုပ်စာတမ်းကို အကျိုးသက်ရောက်စေရန်လိုအပ်သည်၊သို့တည်းမဟုတ် သင့်သည်ဟုမိမိထင်မြင်သည့် ပြင်ဆင်ချက်များရှိလျှင် ထိုပြင်ဆင်ချက်များနှင့်အညီ အကျိုးသက်ရောက်ရမည် ဟူ၍ဝင်း ကျေညာနိုင်သည်။ ထိုသို့ကျေညာသောအခါ အဆိုပါပြဋ္ဌာန်းချက်များသည် ကျေညာသည့်အတိုင်းသက်ဆိုင်ရမည့်ပြင်၊ ယင်းသို့သက်ဆိုင်စေရာ၌လည်း အခြားတရားဥပဒေတွင် ဆန့်ကျင်ကွဲလွဲချက်မည်သို့ပင်ရှိစေကာမူ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးတွင် တရား ဥပဒေကဲ့သို့ အာဏာတည်ရမည်။

၄။ ။ နိုင်ငံတော်သမတသည် ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေ များပြုနိုင်သည်။

==========================================